## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ဆည်မြောင်းဥပဒေ** | |
| ၁။ | အခန်း(၁)<br>အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂)<br>ရည်ရွယ်ချက် | ၅ |
| ၃။ | အခန်း(၃)<br>ဆည်မြောင်းတည်ဆောက်ခြင်း | ၆ |
| ၄။ | အခန်း(၄)<br>ဆည်မြောင်းပြုပြင်ထိန်းသိမ်းခြင်း | ၈ |
| ၅။ | အခန်း(၅)<br>ဆည်မြောင်းမှရေကိုရယူသုံးစွဲခြင်း | ၁၁ |
| ၆။ | အခန်း(၆)<br>ရေပေးဝေမှုရပ်ဆိုင်းခြင်း | ၁၅ |
| ၇။ | အခန်း(၇)<br>ဆည်မြောင်းရေသုံးစွဲသူများ၏ အခွင့်အရေးနှင့်တာဝန်များ | ၁၆ |
| ၈။ | အခန်း(၈)<br>ကျေးရွာဆည်မြောင်းနှင့်ကျေးရွာရေနုတ်မြောင်းလုပ်ငန်းများ | ၁၇ |




(ခ) ဝန်ကြီးဌာန နှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**( ပုံ ) ထင်ကျော်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## အခန်း (၁၄)

## အထွေထွေ

၅၂။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်သည်။

၅၃။ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ခ) အရ တာဝန်ပေးအပ်ခြင်း ခံရသူများသည် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၅၄။ ရေကို ခွင့်မပြုသော နည်းလမ်းဖြင့် သုံးစွဲမှုနှင့် ရေဆုံးရှုံးမှုတို့အတွက် တာဝန်ရှိသူကို တရားစွဲဆိုနိုင်သည့်အပြင် ပုံမှန်ကောက်ခံသော ရေခွန်လည်း စည်းကြပ်ကောက်ခံနိုင်သည်။

၅၅။ The Canal Act.(Burma Act II,1905.) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာ၊အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံးနိုင်သည်။

၅၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉။ | အခန်း(၉) ရေနုတ်မြောင်းအဖြစ်ကြေညာခြင်း၊ ပိတ်ဆို့မှုကိုဖယ်ရှားခြင်းနှင့် လျော်ကြေး | ၁၈ |
| | အခန်း(၁၀) | |
| ၁၀။ | သဘာဝဘေးအန္တရာယ်ကာကွယ်ရေး လုပ်ငန်းများအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ၊ ခရိုင်ဆည်မြောင်း အရာရှိနှင့် မြို့နယ်အရာရှိတို့၏တာဝန်များ | ၂၀ |
| ၁၁။ | အခန်း(၁၁) ဆည်မြောင်းနှင့်ရေနုတ်မြောင်း အရေးပေါ်လုပ်ငန်းများဆောင်ရွက်ခြင်း | ၂၂ |
| ၁၂။ | အခန်း(၁၂) တားမြစ်ချက်များ | ၂၄ |
| ၁၃။ | အခန်း(၁၃) ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၂၆ |
| ၁၄။ | အခန်း(၁၄) အထွေထွေ | ၂၇ |

# ဆည်မြောင်းဥပဒေ

**(၂၀၁၇ ခုနှစ် ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၇ ။ )**

**၁၃၇၉ ခုနှစ် ၊ တော်သလင်းလဆန်း ၁၀ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဆည်မြောင်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက် ရောက်စေရမည် -

(က) **ဆည်မြောင်း** ဆိုသည်မှာ ရေပေးဝေရန်ဖြစ်စေ၊ ရေသိုလှောင်ရန်ဖြစ်စေ စီမံဆောင်ရွက် ထားသော ဆည်၊ ကန်၊ ရေလှောင်တမံ၊ရေလွှဲဆည်၊ ရေတံခါး၊ ရေမြောင်း၊ ရေတင်စက်ရုံ၊ မြေအောက်ရေတွင်း၊ ယင်းတို့နှင့် ဆက်စပ်လျက်ရှိသော မြစ်၊ ချောင်း၊ ရေကန်၊ ရေအိုင်၊ သဘာဝ ရေနုတ်မြောင်းတို့၏အစိတ်အပိုင်းများ၊တူးမြောင်း၊ရေသွင်းရေလွှဲမြောင်း၊မြောင်းပေါင်၊ ကမ်းပါးထိန်းနံရံ တို့ကိုဆိုသည်။ အဆိုပါ စကားရပ်တွင် ဆည်မြောင်း လုပ်ငန်း၊ ယင်းနှင့်ဆက်စပ်သော အဆောက်အအုံနှင့် စက်ယန္တရားလည်း ပါဝင်သည်။



၄၈။ မည်သူမျှ မြောင်းပေါင်ပေါ်တွင် တိရစ္ဆာန်များ လွှတ်ကျောင်းစားကျက်ချခြင်း မပြုရ။

၄၉။ မည်သူမျှ ဆည်မြောင်းပေါ်တွင် ရေတိုက်စားမှု ကာကွယ်ရန် ဦးစီးဌာနကထိန်းသိမ်းထားသော မြက်ပင်၊ ကိုင်းပင်နှင့် အကာအကွယ် ပစ္စည်းတို့ကို ဖျက်ဆီးခြင်း မပြုရ။

## အခန်း (၁၃)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၅၀။ မည်သူမဆို ပုဒ်မ ၃၉၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၃၊ ပုဒ်မ ၄၄ နှင့် ပုဒ်မ ၄၅ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကိုတစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊အနည်းဆုံးကျပ်တစ်သိန်းမှအများဆုံးကျပ်သုံးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၁။ မည်သူမဆို ပုဒ်မ ၄၁၊ ပုဒ်မ ၄၂ ၊ ပုဒ်မ ၄၆၊ ပုဒ်မ ၄၇၊ ပုဒ်မ ၄၈ နှင့် ပုဒ်မ ၄၉ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်တစ်သိန်းထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

၄၁။ မည်သူမျှ လယ်ကြားမြောင်းမှ ရေကိုအကျိုးမဲ့ဖြစ်စေခြင်း၊ ရေပေးဝေမှုကို နှောင့်ယှက်ခြင်း သို့မဟုတ် ခွင့်ပြုချက်မရရှိသည့် နည်းလမ်းဖြင့် ရေကိုအသုံးပြုခြင်း မပြုရ။

၄၂။ မည်သူမျှ ဆည်မြောင်း သို့မဟုတ် ရေနုတ်မြောင်းအတွင်းသို့ ဆင်း၍ ရေချိုးခြင်း၊ ပစ္စည်း တစ်ခုခုကို လျှော်ဖွပ်ဆေးကြောခြင်း၊ ငါး၊ ပုစွန်ဖမ်းခြင်း၊ ရေကိုညစ်ညမ်းစေခြင်း သို့မဟုတ် တိရစ္ဆာန်များကို ရေတိုက်ခြင်း မပြုရ။

၄၃။ မည်သူမျှခွင့်ပြုချက်မရှိဘဲ ဆည်မြောင်းအတွင်းသို့ ရေယာဉ်ဖြင့် ဝင်ရောက်ခြင်း၊ သွားလာ ခြင်း သို့မဟုတ် ရပ်နားခြင်း မပြုရ။

၄၄။ မည်သူမျှ ဆည်မြောင်းနယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ ကျူးကျော်စိုက်ပျိုးခြင်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

၄၅။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဆည်မြောင်းနယ်နိမိတ်တိုင်၊ ရေပြင်အနိမ့်အမြင့်တိုင်း မှတ်တိုင် သို့မဟုတ် ရေတိုင်းမှတ်တိုင် တစ်ခုခုကို ဖျက်ဆီးခြင်း သို့မဟုတ် ရွှေ့ပြောင်းဖယ်ရှားခြင်း မပြုရ။

၄၆။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲဆည်မြောင်း သို့မဟုတ် ရေနုတ်မြောင်း၏လုပ်ငန်းများ၊ ရေမြောင်းများကို ဖြတ်သန်းခြင်း၊ တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်း သို့မဟုတ် ရေယာဉ်များ မောင်းနှင်ခြင်း မပြုရ။

၄၇။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ ဆည်မြောင်းနယ်နိမိတ် သို့မဟုတ် မြောင်းပေါင်များပေါ်တွင် ယာဉ်များ ဖြတ်သန်း မောင်းနှင်ခြင်း ၊ စက်ယန္တရား တစ်စုံတစ်ရာတပ်ဆင်အသုံးပြုခြင်း မပြုရ။



(ခ) **ဆည်မြောင်းနယ်နိမိတ်** ဆိုသည်မှာ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက ဆည်မြောင်းအလိုက် အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထုတ်ပြန်သည့် နယ်နိမိတ်ကို ဆိုသည်။

(ဂ) **ကျေးရွာဆည်မြောင်း** ဆိုသည်မှာ ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာဆည်မြောင်းအဖြစ် ကြေညာထားသည့် ဆည်မြောင်း၊ ရေမြောင်း သို့မဟုတ် ရေလှောင်တမံနှင့် ကန်ကို ဆိုသည်။

(ဃ) **လယ်ကြားမြောင်း** ဆိုသည်မှာ ဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် ဆည်မြောင်းမှ ရေပေးဝေသော ရေမြောင်းတစ်ခုခုနှင့်ဆက်လျက် သတ်မှတ်သည့်အတိုင်း တူးဖော်သည့် ရေမြောင်းနှင့် သက်ဆိုင်သည့် အထောက်အကူပြုလုပ်ငန်းများကို ဆိုသည်။

(င) **ရေနုတ်မြောင်း** ဆိုသည်မှာ ဆည်မြောင်းများမှပိုလျှံရေနှင့် သဘာဝအလျောက် စီးဆင်းသော ရေကြောင့်ရေကြီးနစ်မြုပ်ခြင်း၊ ရေတိုက်စားခြင်းတို့မှ ကာကွယ်ရန်ဖြစ်စေ၊ ရေပေးသွင်းရန်ဖြစ်စေ တူးဖော်ထားသော ရေမြောင်း သို့မဟုတ် သဘာဝအလျောက် ဖြစ်ပေါ်နေသည့် ရေမြောင်း၊ ယင်းရေမြောင်းနှင့်ဆက်စပ်သည့်အဆောက်အအုံများကို ဆိုသည်။

(စ) **ကျေးရွာရေနုတ်မြောင်း** ဆိုသည်မှာ ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာရေနုတ်မြောင်းအဖြစ် ကြေညာထားသည့် ရေနုတ်မြောင်းကို ဆိုသည်။

(ဆ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲသော ဆည်မြောင်း** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက သတ်မှတ်ချက်နှင့်အညီ စီမံခန့်ခွဲရန်လွှဲပြောင်းရယူထား သောဆည်မြောင်းကို ဆိုသည်။

(ဇ) **ရေယာဉ်** ဆိုသည်မှာ လှေ၊ သမ္ဗန်၊ သစ်ဖောင်၊ ဝါးဖောင်၊ အခြားစက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ်တစ်မျိုးမျိုးနှင့် ရေတွင်ပေါ်သည့်အခြားအရာဝတ္ထုတို့ကို ဆိုသည်။

(ဈ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဦးစီးဌာန** ဆိုသည်မှာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနကို ဆိုသည်။

(ဋ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေရှိ ဦးစီးဌာန တာဝန်ခံကို ဆိုသည်။

(ဌ) **ခရိုင်ဆည်မြောင်းအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်



၃၈။ (က) အရေးပေါ် လုပ်သားများအတွက်လည်းကောင်း၊ ပစ္စည်းကိရိယာများရယူသုံးစွဲခြင်းနှင့် သယ်ယူခြင်းအတွက် လည်းကောင်း၊ ပစ္စည်းများဖယ်ရှားရာတွင် ပျက်စီးဆုံးရှုံးမှုအတွက်လည်းကောင်း ကျခံရန်လိုအပ်သည့် ကုန်ကျစရိတ်များကို ခရိုင်ဆည်မြောင်းအရာရှိက ဒေသအလိုက် အမြင့်ဆုံး ဈေးနှုန်းဖြင့် သက်ဆိုင်သူများထံ ဆောလျင်စွာ ထုတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က)အရ ထုတ်ပေးသည့်ငွေပမာဏနှင့် စပ်လျဉ်း၍ မကျေနပ်သူသည် ရက်ပေါင်း(၃၀) အတွင်း ခရိုင်အုပ်ချုပ်ရေးမှူးထံ တင်ပြနိုင်သည်။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ငွေပမာဏနှင့်စပ်လျဉ်း၍လိုအပ်သလိုပြင်ဆင်နိုင်သည်။

(ဂ) ခရိုင်အုပ်ချုပ်ရေးမှူး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

## အခန်း (၁၂)
## တားမြစ်ချက်များ

၃၉။ မည်သူမျှ ဆည်မြောင်း သို့မဟုတ် လယ်ကြားမြောင်းကို ပျက်စီးစေခြင်း၊ ပြောင်းလဲစေခြင်း၊ ချဲ့ထွင်ခြင်း သို့မဟုတ် တားဆီးပိတ်ဆို့ခြင်း မပြုရ။

၄၀။ မည်သူမျှ ဆည်မြောင်း သို့မဟုတ် လယ်ကြားမြောင်းရေပေးဝေမှု သို့မဟုတ် ယင်းတို့မှပုံမှန် ရေစီးဆင်းမှုကိုနှောင့်ယှက်ခြင်း၊ ပိုမိုများ ပြားအောင်ပြုလုပ်ခြင်း သို့မဟုတ် ယုတ်လျော့အောင်ပြုလုပ်ခြင်း မပြုရ။

(က) အန္တရာယ်ကျရောက်သည့် သို့မဟုတ် အန္တရာယ်ကျရောက်နိုင်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာများကို စုံစမ်းရန်၊

(ခ) အရေးပေါ်လုပ်သားစာရင်းကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကပြုစု၍ မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် တင်ပြစေရန်။

၃၇။ (က) ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ၃၆၊ ပုဒ်မခွဲ(ခ) ပါ လုပ်သားစာရင်းကို ခရိုင်ဆည်မြောင်းအရာရှိထံ ပေးပို့ရမည်။

(ခ) ခရိုင်ဆည်မြောင်းအရာရှိသည် ပုဒ်မခွဲ(က) အရ လုပ်သားများရရှိရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ တောင်းခံ၍ တာဝန်ပေးအပ်ရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ တာဝန်ပေးအပ်ခြင်းခံရသူများသည် မြို့နယ်ဆည်မြောင်းအရာရှိ သို့မဟုတ် တာဝန်ရှိသူ၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရမည်။

(ဃ)အရေးပေါ် လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ရှိရသော အတားအဆီးများကို ဖယ်ရှားခြင်းနှင့် အရေးပေါ်လုပ်ငန်းများ၌ သုံးစွဲရန်လိုအပ်သည့် သစ်ပင်၊ ဝါးပင်၊ သစ်သား ၊ ဖျာ၊ ဝါးထရံ၊ ကြိုး၊ မြေကြီး၊ အိတ်နှင့်အခြားပစ္စည်းများ၊ သယ်ယူရန်ယာဉ်တို့ကို နီးကပ် ရာဒေသများမှ ရယူအသုံးပြုရမည်။



ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရှိဦးစီးဌာနတာဝန်ခံကို ဆိုသည်။

(ဍ) **မြို့နယ်ဆည်မြောင်းအရာရှိ** ဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်ရှိဦးစီးဌာန တာဝန်ခံကို ဆိုသည်။

(ဎ) **ရေခွန်** ဆိုသည်မှာရေအသုံးပြုခြင်းအတွက်ကောက်ခံသည့် အခွန်ကို ဆိုသည်။

(ဏ) **ထိန်းသိမ်းခြင်းလုပ်ငန်း** ဆိုသည်မှာ ဆည်မြောင်းလုပ်ငန်းများနှင့် ယင်းတို့နှင့် ဆက်စပ်လျက်ရှိသော အဆောက်အအုံများ ပုံစံတကျရှိစေရန်သတ်မှတ်ချက်များနှင့်အညီ ပြုပြင် ထိန်းသိမ်းရသောလုပ်ငန်းကို ဆိုသည်။

(တ) **အရေးပေါ်လုပ်ငန်း** ဆိုသည်မှာ အကြောင်းတစ်ရပ်ရပ်ကြောင့် ဆည်မြောင်းကျိုးပေါက်ခြင်း သို့မဟုတ် ပျက်စီးနိုင်ခြင်းဖြစ်ပေါ်ပါက အချိန်မီပြင်ဆင်ရသော လုပ်ငန်းကို ဆိုသည်။

(ထ) **အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စိုက်ပျိုးရေးကဏ္ဍရေရှည် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆည်မြောင်းတည်ဆောက်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) တည်ဆောက်ပြီး ဆည်မြောင်းများကို ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် စဉ်ဆက်မပြတ် ထိန်းသိမ်းရန်၊

(ဂ) ကျေးရွာဆည်မြောင်းနှင့် ကျေးရွာရေနုတ်မြောင်းများ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးနိုင်ရန်၊

(ဃ) ဆည်မြောင်းများကို ဘေးအန္တရာယ် ကျရောက်ခြင်းမှ ကြိုတင် ကာကွယ်ရန်နှင့်ကျရောက် လာပါကပျက်စီး ဆုံးရှုံးမှု နည်းပါးစေရေးအတွက်အရေးပေါ်လုပ်ငန်းများကို ပြည်သူများက ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊

(င) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပါအဝင် ဒေသအတွင်း ရေလိုအပ်ချက်ကို အဆင်ပြေလွယ်ကူစွာရရှိစေရန် ၊

(စ) ဆည်မြောင်းများ ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် လိုက်နာရမည့် စည်းကမ်းချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်။



(ဈ) သဘာဝဘေးအန္တရာယ် ကျရောက်မည် ဆိုပါက ဘေးအန္တရာယ် မလွတ်ကင်းနိုင်သော အနီးပတ်ဝန်းကျင် ဒေသရှိပြည်သူများကို အချိန်နှင့်တစ်ပြေးညီ ကြိုတင် အသိပေးနိုင်ရန်အတွက် ကြိုတင်သတိပေးခြင်း အစီအမံများ ဆောင်ရွက်ထားရှိခြင်း၊

(ည) သဘာဝဘေးအန္တရာယ် ကျရောက်လာပါက လိုအပ်သော အရေးပေါ်ပစ္စည်းများနှင့် လုပ်အားများရရှိရန် သက်ဆိုင်ရာ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့်ပူးပေါင်းချိတ် ဆက်ဆောင်ရွက်ခြင်း၊

(ဋ) ရာသီဥတု ပြောင်းလဲမှုကြောင့် ရေအရင်းအမြစ်များ ထိခိုက်မှုကို လျော့နည်းစေရန်နှင့် လိုက်လျောညီထွေရှိစေမည့် သဘာဝဘေးအန္တရာယ် လျော့ချသည့် နည်းလမ်းများကို ဆောင်ရွက်ခြင်း။

## အခန်း(၁၁)
## ဆည်မြောင်းနှင့် ရေနုတ်မြောင်းအရေးပေါ် လုပ်ငန်းများဆောင်ရွက်ခြင်း

၃၆။ ဆည်မြောင်း သို့မဟုတ် ရေနုတ်မြောင်းတစ်ခုခု ကျိုးပေါက်ပျက်စီးမှုအန္တရာယ်ကျရောက်လျှင် သို့မဟုတ် အန္တရာယ်ကျရောက်နိုင်လျှင် ဝန်ကြီးဌာန၊တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီက ခရိုင်အုပ်ချုပ်ရေးမှူးအား အောက်ပါတို့ကို ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်-

(ဂ) ရေလှောင်တမံ ၊ ရေလွှဲဆည်နှင့် ရေပေးမြောင်းများ အတွက် အရေးပေါ်ကာကွယ်ရေး လုပ်ငန်းများတွင် သုံးစွဲရသည့် ပစ္စည်းများကို ကြိုတင်စုဆောင်းထားခြင်း၊

(ဃ) ဆည်၊ ကန် ၊ ရေလှောင်တမံများ ကြံ့ခိုင်မှုရှိစေရန် ထူးပေါက်များ ၊ ရေစိမ့်ယိုမှုများ စစ်ဆေးခြင်း ၊ ရေစီးကြောင်းများ၊ ချုံနွယ်များ မရှိစေရေး ကွပ်ကဲဆောင်ရွက်ခြင်း၊

(င) ရေလှောင်တမံကြီးများအတွက် သင့်လျော်သော ရေလွှတ်ခြင်း၊ ရေလွှဲခြင်း၊ ရေပိတ် ထားခြင်းစသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊

(စ) သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးစီမံချက်များ ရေးဆွဲထားရှိခြင်း ၊

(ဆ) သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့်စပ်လျဉ်း၍ အရေးပေါ် ကြိုတင်ပြင်ဆင်ခြင်း နှင့် တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများလက်တွေ့ဆောင်ရွက်ရန် ခရိုင်၊မြို့နယ် အတွင်းရှိ ဝန်ထမ်းများနှင့် သက်ဆိုင်သည့် ရပ်ကွက်၊ ကျေးရွာပြည်သူများအား စွမ်းဆောင်ရည် မြင့်မားရေး အတွက် သင်တန်းများ ဖွင့်လှစ်ပို့ချ ဆောင်ရွက်ခြင်း၊

(ဇ) ရေဘေးအန္တရာယ် ကျရောက်နိုင်သော ရေလှောင်တမံ၊ ရေလွှဲဆည်များတွင် ရေကင်းစောင့်အဖွဲ့များ ဖွဲ့စည်း၍ တာဝန်ချထားခြင်း၊ အချိန်ပြည့် ဆက်သွယ်နိုင်သော ဆက်သွယ်ရေးစနစ်ထားရှိခြင်း၊ အထူးကိစ္စအနေဖြင့် အချိန်နှင့် တစ်ပြေးညီ သတင်းပို့ခြင်း၊



## အခန်း (၃)
## ဆည်မြောင်းတည်ဆောက်ခြင်း

၄။ ဝန်ကြီးဌာနသည် ဆည်မြောင်းတည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်လျှင် ယင်းသို့ဆောင်ရွက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာဒေသရှိ ပြည်သူများ ကြိုတင်သိရှိနိုင်ရန် လုံလောက်သော အချိန်ပေး၍ အမိန့်ကြော်ငြာစာထုတ်ပြန်ရမည်။

၅။ (က) ပုဒ်မ ၄ အရ အမိန့် ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ သို့မဟုတ် ယင်းက တာဝန်ပေးအပ်ခြင်း ခံရသော ဦးစီးဌာနအရာရှိသည် ခရိုင်အုပ်ချုပ်ရေးမှူး၊ ဒေသခံ တောင်သူလယ်သမားများနှင့် ညှိနှိုင်းပြီး ကြိုတင်စူးစမ်း လေ့လာတိုင်းတာခြင်း လုပ်ငန်းများ နှင့် ဆည်မြောင်း တည်ဆောက်မည့် နယ်နိမိတ်လျာထား ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ဆည်မြောင်း တည်ဆောက်ရေး လုပ်ငန်းအတွက် လိုအပ်သည့် မြေသိမ်းဆည်းခြင်း လုပ်ငန်းကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၆။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ဆည်မြောင်းတည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင်ယင်းလုပ်ငန်းများနှင့်ဆက်စပ်သောမြေများ၊ အဆောက်အဦများ၊ သီးနှံများ၊ စားပင်သီးပင်များ ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခံနိုင်ကြောင်း သက်ဆိုင်ရာဒေသရှိ ပြည်သူများကြိုတင်သိရှိရန်လုံလောက်သောအချိန်ပေး၍ကြေညာရမည်။

၇။ (က) ခရိုင်အုပ်ချုပ်ရေးမှူးသည် -

(၁) လျော်ကြေးပေးရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ စစ်ဆေးရမည်။

(၂) စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ လျော်ကြေးပေးရန် ရှိပါက လျော်ကြေးငွေကို တည်ဆဲဥပဒေများနှင့် အညီ သတ်မှတ်ဆုံးဖြတ်ရမည်။

(၃) ပုဒ်မခွဲငယ် (၂) အရ မိမိ၏ ဆုံးဖြတ်ချက်ကို လျော်ကြေးတောင်းဆိုသူထံ စာဖြင့် ဆောလျင်စွာ အကြောင်းကြားရမည်။

(ခ) ခရိုင်အုပ်ချုပ်ရေးမှူး၏ လျော်ကြေးငွေ သတ်မှတ်ချက်ကို မကျေနပ်လျှင် လျော်ကြေးတောင်းဆိုသူသည် အကြောင်းကြားစာရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ သို့အယူခံ ဝင်ရောက်နိုင်သည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် ပုဒ်မခွဲ(က) အရ လျော်ကြေးငွေ သတ်မှတ်ချက်ကိုအတည်ပြုခြင်း၊ ပြင်ဆင် ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။ တိုင်းဒေသ ကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အဆုံးအဖြတ် သည် အပြီးအပြတ် အတည်ဖြစ်သည်။



ကာလအတွင်း တင်ပြနိုင်သည်။ ခရိုင်အုပ်ချုပ်ရေးမှူးသည် လျော်ကြေး တောင်းဆိုမှုအတွက် ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက် ရမည်။

## အခန်း(၁၀)
## သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ ၊ ခရိုင်ဆည်မြောင်းအရာရှိ နှင့် မြို့နယ်ဆည်မြောင်းအရာရှိတို့၏ တာဝန်များ

၃၅။ တာဝန်ပေးအပ်ခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ ၊ ခရိုင်ဆည်မြောင်းအရာရှိ နှင့် မြို့နယ် ဆည်မြောင်းအရာရှိတို့သည် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အတွက် အောက်ပါလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည်-

(က) မိုးခေါင်မှုဘေးဒဏ်ကျရောက်ပါက ရေလှောင်တမံ၊ ရေလွှဲ ဆည်များဝင်ရေလျော့နည်းပြီး ရေလှောင်ပမာဏကျဆင်း လာနိုင်သဖြင့် စိုက်ပျိုးရေနှင့်သောက်သုံးရေ ပြတ်လပ်မှု မရှိစေရေး ချွေတာသုံးစွဲရန် ပြည်သူလူထုသို့ အသိပညာ ပေးခြင်း၊

(ခ) ဆည်ရေဆုံးရှုံးမှု နည်းပါးနိုင်ရေးအတွက် ရေပေး မြောင်းများ ၊ လယ်ကြားမြောင်းများကို ကြိုတင်ပြုပြင် တူးဖော်ခြင်း၊

(၁) ရေနုတ်မြောင်းတွင် တားဆီးပိတ်ဆို့နေသည့် အရာကို သတ်မှတ်ထားသည့် အချိန်ကာလ အတွင်း ဖယ်ရှားရန်၊

(၂) ရေနုတ်မြောင်းလုပ်ငန်းတွင် တားဆီးပိတ်ဆို့နေသည့်အရာကို သတ်မှတ်သည့် နည်းလမ်းအတိုင်း သတ်မှတ်သည့် အချိန်အတွင်းပြုပြင်ရန်၊

(၃) မိမိထံမှ စာဖြင့်ရေးသားထားသည့် သဘောတူညီချက်ကို ဦးစွာရယူခြင်းမပြုဘဲ ရေနုတ်မြောင်းတွင် တားဆီး ပိတ်ဆို့သည့် အရာတစ်ခုခုပြုလုပ်တည်ဆောက်မှုကို တားမြစ်ရန်။

(ခ) ပုဒ်မခွဲ(က) အရ အမိန့်ချမှတ်ခြင်းခံရသူကသတ်မှတ်ထားသည့်ကာလအတွင်းအမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် တားဆီးပိတ်ဆို့နေသည့်အရာကို အဆိုပါ အမိန့်ထုတ်ပြန်သူကိုယ်တိုင် ဖယ်ရှားခြင်း သို့မဟုတ် ပြုပြင်ခြင်း ပြုနိုင်သည်။ ထိုသို့ဖယ်ရှားခြင်း သို့မဟုတ် ပြုပြင်ခြင်းပြုရာတွင် ကုန်ကျစရိတ်များကို အမိန့်ထုတ်ပြန်ခြင်း ခံရသူထံကသော်လည်းကောင်း၊ ထိုသူ၏ အကျိုးသက်ဆိုင်သူထံကသော်လည်းကောင်း တောင်းခံနိုင်သည်။

၃၄။ ပုဒ်မ ၃၃ အရ ထုတ်ပြန်သည့် အမိန့်ကိုလိုက်နာလျက် တားဆီးပိတ်ဆို့နေသည့်အရာကို ဖယ်ရှားခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် အဆိုပါ လုပ်ငန်းများကို ဆောင်ရွက်ခြင်းကြောင့် နစ်နာဆုံးရှုံးမှု နှင့်စပ်လျဉ်း၍ လျော်ကြေးတောင်းဆိုလိုသူသည် ခရိုင်အုပ်ချုပ်ရေးမှူးထံ သတ်မှတ်



(ဃ) လျော်ကြေးငွေပေးချေခြင်းကို ဦးစီးဌာန၏ ငွေစာရင်းဆိုင်ရာ ဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၈။ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ) အရ လျော်ကြေးပေးသည့် ကိစ္စရပ်များပြီးပြတ်သည့်အခါ ခရိုင် ဆည်မြောင်းအရာရှိသည် ဆည်မြောင်းနှင့်ဆက်စပ်လျက်ရှိသော ဆည် ၊ တာတမံလုပ်ငန်းများကို ဆောင်ရွက်ရမည်။

၉။ သဘာဝရေစီးရေလာကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေဆည်မြောင်း၊ တာတမံများရွေ့လျောပျက်စီးလာ၍ ဆည်မြောင်း၊ ဖြတ်မြောင်းများ အသစ်ပြောင်းရွှေ့ တူးဖော်တည်ဆောက် ခြင်းနှင့်မြေစာများစုပုံခြင်းပြုရာတွင် လယ်ယာမြေနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် လျော်ကြေးငွေတောင်းခံလာမှုများကို ခရိုင်ဆည်မြောင်းအရာရှိသည် ခရိုင်အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးရမည်။

၁၀။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၉ ပါလျော်ကြေးငွေတောင်းဆိုမှုများနှင့် စပ်လျဉ်း၍ ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၄)

## ဆည်မြောင်းပြုပြင်ထိန်းသိမ်းခြင်း

၁၁။ တာဝန်ပေးအပ်ခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆည်မြောင်းအရာရှိ၊ ခရိုင်ဆည်မြောင်းအရာရှိနှင့် မြို့နယ်ဆည်မြောင်းအရာရှိတို့သည် တည်ဆောက်ပြီး ဆည်မြောင်းနှင့်ဆက်စပ်သော အဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဆည်ရေပေးဝေခြင်းမပြုမီ ဆည်မြောင်းများနှင့်ရေပေး အဆောက်အအုံများ ပုံစံတကျရှိမှုနှင့် ကြံ့ခိုင်မှုအခြေအနေ ကို စစ်ဆေးခြင်းနှင့် လိုအပ်ချက်များအချိန်မီပြုပြင်ခြင်း၊

(ခ) ဆည်မြောင်းပေါင်အတွင်း ခြတောင်ပို့များ၊ ကြွက်တွင်း များကို တူးဖော်ဖယ်ရှားခြင်းနှင့် မြေသစ်ဖို့ခြင်းလုပ်ငန်း များ ဆောင်ရွက်ခြင်း၊

(ဂ) ဆည်မြောင်းအတွင်း ရေမှတ်တိုင်များ စိုက်ထူ၍ ရေပေး ဝေချိန်တစ်လျှောက်စောင့်ကြည့် ထိန်းသိမ်းခြင်း၊

(ဃ) မြောင်းစစ်လမ်းများ ပြုပြင်ထိန်းသိမ်းခြင်း၊

(င) ဆည်မြောင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရန် အဟန့်အတားဖြစ်စေသည့် အရာဝတ္ထုများကို ဖယ်ရှား ရှင်းလင်းခြင်း၊

(စ) ရေလှောင်တမံများ၏ ကြံ့ခိုင်ရေးနှင့် ရေထိရောက်စွာ သိုလှောင်နိုင်ရန် ပြုပြင်ထိန်းသိမ်းခြင်း၊

(ဆ) ရေသွင်း၊ ရေထုတ်တံခါးများ ၊ ရေပိုလွှဲနှင့် ယင်းတွင် တပ်ဆင်ထားသောရေတံခါး၊ ရေတံခါးရွက်များ၊ သံထုတ် ရေတံခါးများနှင့် ဆက်စပ်နေသော စက်ပစ္စည်း အစိတ် အပိုင်းများ စစ်ဆေးပြုပြင်ခြင်း၊

(ဇ) ရေလွှဲဆည် ၊ ရေပိုလွှဲမှ ထွက်လာသောရေများကြောင့် အောက်ခြေ ကွန်ကရစ်ကြမ်းခင်းများ ပျက်စီးမှုရှိပါက ပြုပြင်ဆောင်ရွက်ခြင်း ၊



(ဂ) ပုဒ်မခွဲ (က) ပါ လုပ်ငန်းများနှင့် ယင်းလုပ်ငန်းများကို အထောက်အကူပြုသည့် တာတမံများ၊ ရေမြောင်းများ၊ ရေလွှဲဆည်များ၊ ရေတံခါးများနှင့် အခြားလုပ်ငန်းများကို ထိရောက်စွာ ပြုပြင်ရေးနှင့် ထိန်းသိမ်းရေးတို့အတွက် ရန်ပုံငွေလိုအပ်ချက်များနှင့် ရန်ပုံငွေရရှိရေး ဆောင်ရွက် ရန် နည်းလမ်းများ။

## အခန်း (၉)

## ရေနုတ်မြောင်းအဖြစ် ကြေညာခြင်း၊ ပိတ်ဆို့မှုကို ဖယ်ရှားခြင်းနှင့်လျော်ကြေး

၃၂။ ဝန်ကြီးဌာနသည် မြစ်၊ ချောင်း၊ အင်း အိုင် သို့မဟုတ် ရေမြောင်း တစ်ခုခုတွင် ရေစီးရေလာတားဆီးပိတ်ဆို့နေခြင်းကြောင့် အများပြည်သူ အကျိုးကို ထိခိုက်နစ်နာနိုင်သည်ဟုယူဆလျှင် ဤဥပဒေ အလို့ငှာ ယင်း၏ မည်သည့်အစိတ်အပိုင်းသည် ရေနုတ်မြောင်းဖြစ်ကြောင်း အမိန့်ကြော်ငြာစာထုတ်ပြန် သတ်မှတ်၍ တားဆီးပိတ်ဆို့နေခြင်းအား ဖယ်ရှားနိုင်ရေးအတွက် လိုအပ်ချက်နှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာန များ နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၃၃။ (က) ပုဒ်မ ၃၂ အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးပါက ခရိုင်ဆည်မြောင်းအရာရှိ သို့မဟုတ် ဤကိစ္စ အလို့ငှာ ဝန်ကြီးဌာနက အခွင့်အာဏာအပ်နှင်းခြင်း ခံရသူသည် အောက်ပါကိစ္စ တစ်ရပ်ရပ်ဆောင်ရွက်ရန် အမိန့်ထုတ်ပြန် နိုင်သည်-

၃၀။ ဆည်မြောင်း သို့မဟုတ် လယ်ကြားမြောင်းမှရေကို အကျိုးရှိထိရောက်စွာသုံးစွဲနိုင်ရန်တောင်သူများစိုက်ပျိုးရေရယူသုံးစွဲရေးအဖွဲ့ကို ဦးစီးဌာနက သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပေးရမည်။ ယင်းအဖွဲ့သည် ပေးဝေသောရေပမာဏကို မိမိတို့ကိုယ်တိုင် စီမံခန့်ခွဲရန်နှင့် ရေဖြန့်ဝေစနစ်ကို ပြုပြင်ထိန်းသိမ်းရမည်။

## အခန်း (၈)

## ကျေးရွာဆည်မြောင်းနှင့်ကျေးရွာရေနုတ်မြောင်းလုပ်ငန်းများ

၃၁။ ခရိုင်အုပ်ချုပ်ရေးမှူးသည် မြို့နယ်အလိုက် တည်ရှိနေသော ကျေးရွာဆည်မြောင်း သို့မဟုတ် ကျေးရွာရေနုတ်မြောင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ပြည့်စုံစွာစာရင်းပြုစုပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်နည်းလမ်းအတိုင်း ထုတ်ပြန်ကြေညာရမည် -

(က) ဆည်မြောင်း၊ ရေနုတ်မြောင်း၊ တာတမံများ၊ ရေမြောင်း၊ ရေလွှဲဆည်၊ ရေတံခါးနှင့် ယင်းတို့နှင့် ဆက်စပ်သော လုပ်ငန်းများ၏ တည်နေရာနှင့် အမျိုးအမည်၊

(ခ) ပုဒ်မခွဲ(က)ပါ လုပ်ငန်းများမှ အကျိုးခံစားခွင့်ရသည့် လယ်ယာမြေများနှင့် ယင်းမြေများပေါ်တွင် ကောက်ခံရရှိနိုင်သော ရေခွန်ရှိလျှင် ၎င်းရေခွန်စာရင်း၊



(ဈ) ရေလွှဲဆည်အထက်ဘက်ရှိ ရေလျှံတာရိုးထိပ်ကို ရေကြီးသည့်အချိန်တွင် တိုက်ရိုက်မြစ်ရေတိုက်စားခံရ၍ မြစ်ရေကျပြီးလျှင် မပျက်မကွက် စစ်ဆေးခြင်း၊

(ည) အုတ်ပန်းရန် လုပ်ငန်းများ၏ ကွဲအက်ကြောင်းများနှင့် ကျောက်စီလုပ်ငန်းများ ပျက်စီးနိုင်သည့် အခြေအနေကို အချိန်မီပြင်ဆင်ဆောင်ရွက်ခြင်း၊

(ဋ) ဦးစီးဌာနက ထိန်းသိမ်းထားသော ဆည်မြောင်းများ၏ နယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက် နေထိုင်ခြင်း၊ ကျူးကျော်စိုက်ပျိုးခြင်းများကိုအရေးယူဆောင်ရွက်ခြင်း၊

(ဌ) ရေဆုံးရှုံးမှုနည်းပါးပြီး အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဆည်များ၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေတူးဖော်ရေးလုပ်ငန်းများ၊ ရေပေးဝေမှုစနစ်နှင့် ရေသောက် စနစ်များကို ပြုပြင်ထိန်းသိမ်းခြင်း၊

(ဍ) ကျေးရွာဆည်မြောင်းများနှင့် ကျေးရွာရေနုတ်မြောင်းလုပ်ငန်းများတည်ဆောက်ရေးနှင့်ထိန်းသိမ်းရေးကိုကူညီဆောင်ရွက်ပေးခြင်း။

၁၂။ ပုဒ်မ ၁၁ ပါ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သာမန်ပြုပြင်ခြင်းလုပ်ငန်း သို့မဟုတ် အထူးပြင်ဆင်ခြင်းလုပ်ငန်း သို့မဟုတ် အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းအဆင့်သတ်မှတ်၍ ဆောင်ရွက်ရမည်။

## အခန်း (၅)
## ဆည်မြောင်းမှရေကို ရယူသုံးစွဲခြင်း

၁၃။ ဆည်မြောင်းမှရေကိုရယူသုံးစွဲရန် လယ်ကြားမြောင်းဖောက်လိုသူ၊ လက်ရှိလယ်ကြားမြောင်းအား ပြုပြင်မွမ်းမံလိုသူ သို့မဟုတ် လက်ရှိလယ်ကြားမြောင်းကို လွှဲပြောင်းရယူလိုသူသည် သက်ဆိုင်ရာ မြို့နယ်ဆည်မြောင်းအရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

၁၄။ မြို့နယ်ဆည်မြောင်းအရာရှိသည် ပုဒ်မ ၁၃ အရလျှောက်လွှာကို လက်ခံရရှိသည့်အခါ လိုအပ်သည်များကို စိစစ်၍ လယ်ကြားမြောင်းဖောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း သို့မဟုတ် လွှဲပြောင်းရယူခြင်းကို ခရိုင်ဆည်မြောင်းအရာရှိက ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်စေရန် မိမိ၏သဘောထားမှတ်ချက်နှင့်အတူ အကျိုးဆက်နွယ်သော တောင်သူလယ်သမားများ၏ သဘောထားမှတ်ချက်ပါ စုစည်း ဖော်ပြ၍ ခရိုင်ဆည်မြောင်းအရာရှိထံ တင်ပြရမည်။

၁၅။ ခရိုင်ဆည်မြောင်းအရာရှိသည် -

(က) ပုဒ်မ ၁၄ အရ မြို့နယ်ဆည်မြောင်းအရာရှိ၏ တင်ပြချက်ကို စိစစ်ပြီး လယ်ကြားမြောင်း ဖောက်လုပ်ရန်၊ ပြုပြင်မွမ်းမံရန် သို့မဟုတ် လွှဲပြောင်းရယူရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ် ကြောင်းပြုရမည်။

(ခ) ရေမြောင်းတစ်ခုတူးဖော်နေစဉ် သို့မဟုတ် တူးဖော်ပြီးနောက် မည်သည့်အချိန်တွင်မဆို ဆည်ရေသောက် ဧရိယာ



၂၇။ ပုဒ်မ၂၆ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် သော်လည်းကောင်း၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် သော်လည်းကောင်း၊ ရေပေးဝေမှု ရပ်ဆိုင်းခြင်းခံရသည့်အတွက်ဆုံးရှုံးမှုအပေါ်ဝန်ကြီးဌာန၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့ကပေးလျော်ရန် တာဝန်မရှိ စေရ။ သို့ရာတွင် ရေသုံးစွဲသူသည် ဆည်မြောင်းရေအသုံးပြုခြင်းအတွက် ကောက်ခံသော ရေဖိုးငွေများ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုရန် တောင်းဆိုနိုင်သည်။

## အခန်း (၇)
## ဆည်မြောင်းရေသုံးစွဲသူများ၏ အခွင့်အရေးနှင့်တာဝန်များ

၂၈။ ဆည်မြောင်းတစ်ခုမှ ပေးဝေသည့်ရေသည် ရေသွင်းစိုက်ပျိုးသည့် သီးနှံတစ်သီးစာအတွက် ပေးဝေခြင်းဖြစ်လျှင် ထိုသီးနှံရင့်မှည့်ချိန်အထိ အသုံးပြုနိုင်သည်။ တစ်နှစ်အတွင်းတစ်သီးစာထက်ပို၍ သီးထပ်စိုက်ပျိုးခြင်း အတွက် ရေပေးဝေခြင်းဖြစ်လျှင် ထိုသီးနှံများရင့်မှည့်ချိန်အထိ သုံးစွဲနိုင်သည်။

၂၉။ ဆည်မြောင်းရေသုံးစွဲသူသည် ရေသွင်းစိုက်ပျိုးရန်ဖြစ်စေ၊ မွေးမြူရေးလုပ်ငန်းအသုံးပြုရန်ဖြစ်စေ ပေးဝေသည့် ဆည်မြောင်းရေအတွက် ကျသင့်သည့်ရေခွန်ကို သတ်မှတ်ချက်နှင့်အညီ ပေးဆောင်ရမည်။

ပြုပြင်ထိန်းသိမ်းမှုမရှိသူအဖြစ် သတ်မှတ်ပြီး ယင်းလယ်ကြားမြောင်း ပြန်လည်ပြင်ဆင်ရသည့် ကုန်ကျစရိတ်ကို ကျခံစေရမည့်အပြင် ဆည်မြောင်းမှ ရေပေးဝေမှုကို ရပ်ဆိုင်းထားနိုင်သည်။

၂၅။ ဝန်ကြီးဌာနက စီမံခန့်ခွဲသော ဆည်မြောင်းတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲသော ဆည်မြောင်းတွင် ဖြစ်စေ ပြည်သူအများလွယ်ကူစွာဖြတ်သန်းသွားလာနိုင်ရန်လိုအပ်သော နေရာများတွင်သင့်လျော်သည့် ဆည်မြောင်းဖြတ်ကျော်တံတားများကို ဆောက်လုပ်ပေးရမည်။

## အခန်း (၆)
## ရေပေးဝေမှု ရပ်ဆိုင်းခြင်း

၂၆။ ခရိုင်ဆည်မြောင်းအရာရှိသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ဆည်မြောင်းမှ ရေပေးဝေမှုကို ရေသုံးစွဲသူများအား ကြိုတင်အသိပေး၍ ရပ်ဆိုင်းနိုင်သည် -

(က) ဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ ရေပေးဝေမှုကို ရပ်ဆိုင်းရန်လိုအပ်ခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဆည်မြောင်းအရာရှိ က ရပ်ဆိုင်းရန်ညွှန်ကြားခြင်း၊

(ဂ) လယ်ကြားမြောင်း ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်း ကြောင့် ဆည်မြောင်းရေများ အကျိုးမဲ့စီးထွက်ခြင်းနှင့် ဆည်ရေဆုံးရှုံးခြင်းမှ ကာကွယ်ရန် လိုအပ်ခြင်း။



အတွင်း လိုအပ်သော လယ်ကြားမြောင်းများ တူးဖော်ရန် တာအူ ကြောင်းပေးခြင်း၊ တည်ဆောက်ခြင်း ပြုနိုင်သည်။

(ဂ) လယ်ကြားမြောင်းဖြတ်သန်းရာ လယ်ယာမြေများအတွက် လျော်ကြေးပေးရန် လိုအပ်ပါက မိမိသဘာထားမှတ်ချက် နှင့်အတူ ခရိုင်အုပ်ချုပ်ရေးမှူးထံ ညှိနှိုင်းအကြောင်းကြား ရမည်။

၁၆။ လယ်ကြားမြောင်း အသုံးပြုသူတို့သည် လယ်ကြားမြောင်း အများအပြား ဘေးချင်းယှဉ်ရှိခြင်း၊ အလျားရှည်စွာစီးဆင်းလျက်ရှိ ခြင်း နှင့် နီးကပ်လွန်းခြင်းတို့ကြောင့် နုန်းစွန့်ရန် နေရာလပ်မရှိခြင်း နှင့် ကုန်ကျငွေများသော အခြေအနေဖြစ်ပေါ်လျှင် ခရိုင်ဆည်မြောင်း အရာရှိထံ တင်ပြနိုင်သည်။ ခရိုင်ဆည်မြောင်းအရာရှိသည် အဆိုပါ တင်ပြချက်နှင့်စပ်လျဉ်း၍လိုအပ်သည့်စိစစ်မှုများပြုလုပ်ပြီး လယ်ကြား မြောင်းများ ပူးတွဲခြင်း သို့မဟုတ် အစားထိုး ပြင်ဆင်ခြင်းကို ဆောင်ရွက်ရန် ဆုံးဖြတ်နိုင်သည်။

၁၇။ လယ်ကြားမြောင်းအသစ် တူးဖော်ဖောက်လုပ်ခြင်း သို့မဟုတ် လွှဲပြောင်းရယူခြင်းအတွက် လယ်ကြားမြောင်းဖြတ်သန်းရာ တစ်ဖက် တစ်ချက်ရှိ မြေလက်ရှိဖြစ်သူတို့က လယ်ကြားမြောင်းမှ ရေကိုရယူ သုံးစွဲပါက ယင်းမြေအတွက် လျော်ကြေးခံစားခွင့်မရှိဘဲ သစ်ပင်နှင့် သီးနှံပျက်စီးမှုအတွက်သာ လျော်ကြေးခံစားခွင့်ရှိသည်။ အကယ်၍ ယင်းမြေလက်ရှိဖြစ်သူသည် လယ်ကြားမြောင်းမှရေကို ရယူသုံးစွဲပါက ရယူထားသောလျော်ကြေးငွေကို ပြန်လည်ပေးအပ်ရမည်။

၁၈။ ပုဒ်မ ၁၇ အရ လယ်ကြားမြောင်း သို့မဟုတ် မြေနှင့်အကျိုး သက်ဆိုင်သူသည် လယ်ကြားမြောင်းအသစ် တူးဖော်ဖောက်လုပ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက ခရိုင် အုပ်ချုပ်ရေးမှူးထံ သတ်မှတ်ချက်နှင့်အညီ ကန့်ကွက်တင်ပြနိုင်သည်။

၁၉။ ခရိုင်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၁၈ အရ ကန့်ကွက်တင်ပြချက် ကို ရရှိလျှင်-

(က) ခရိုင်ဆည်မြောင်းအရာရှိနှင့်အတူ လိုအပ်သောစုံစမ်း စစ်ဆေးခြင်းပြုနိုင်သည်။

(ခ) စုံစမ်းစစ်ဆေးတွေ့ရှိချက်အရ ကန့်ကွက် တင်ပြချက်ကို လက်ခံ၍ အရေးယူဆောင်ရွက်ခြင်း သို့မဟုတ် ငြင်းပယ် ခြင်း ပြုနိုင်သည်။

(ဂ) လျော်ကြေးပေးရန် ကိစ္စများနှင့်စပ်လျဉ်း၍ အပြီးသတ် ဆုံးဖြတ်ချက်ချမှတ်နိုင်သည်။

၂၀။ လယ်ကြားမြောင်းဖောက်လုပ်ခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း နှင့်စပ်လျဉ်း၍ ကုန်ကျစရိတ်ကိုဖြစ်စေ ၊ လျော်ကြေးငွေကိုဖြစ်စေ လယ်ကြားမြောင်း အသုံးပြုသူများက ပူးတွဲ၍ သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း ကျခံရန်တာဝန်ရှိစေရမည်။

၂၁။ လယ်ကြားမြောင်း ရေကိုရယူရာတွင်-

(က) အများပြည်သူဆိုင်ရာ လမ်း၊ ဆည်မြောင်း သို့မဟုတ် ရေနုတ်မြောင်းကိုဖြတ်ကျော်၍ ရယူရန်လိုအပ်ပါက ပြုပြင် ဆောင်ရွက်ရသည့် ကုန်ကျစရိတ်ကို ရေအသုံးပြုသူများက ကျခံရမည်။



(ခ) ခရိုင်ဆည်မြောင်းအရာရှိသည် ပုဒ်မခွဲ(က)အရဆောင်ရွက် ရာတွင် ခရိုင်အုပ်ချုပ်ရေးမှူး နှင့် ပူးပေါင်းဆောင်ရွက် ရမည်။

၂၂။ ခရိုင်အုပ်ချုပ်ရေးမှူးသည် လယ်ကြားမြောင်းအသစ် ဖောက် လုပ်ခြင်း သို့မဟုတ် လွှဲပြောင်းရယူခြင်းအတွက် ကုန်ကျစရိတ်ကို လည်းကောင်း၊ လယ်ကြားမြောင်းကို လွှဲပြောင်းရယူခြင်းအတွက် ပျက်စီးဆုံးရှုံးမှု လျော်ကြေးကိုလည်းကောင်း လယ်ကြားမြောင်း ဖောက်လုပ်သူ သို့မဟုတ် လွှဲပြောင်းရယူသူက ကျခံရေးအတွက် ဆောင် ရွက်ရမည်။

၂၃။ လယ်ကြားမြောင်းအသစ်ဖောက်လုပ်ခြင်းအတွက် ခရိုင်အုပ်ချုပ် ရေးမှူးက သတ်မှတ်သော ကုန်ကျစရိတ်ကို လယ်ကြားမြောင်း အသုံး ပြုသူကကျခံရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ လယ်ကြား မြောင်းကို လွှဲပြောင်းရယူခြင်းအတွက် ခရိုင်အုပ်ချုပ်ရေးမှူးက သတ်မှတ်သော ကုန်ကျစရိတ် သို့မဟုတ် ပျက်စီးဆုံးရှုံးမှုလျော်ကြေးကို လွှဲပြောင်းရယူသူက ကျခံရန် ပျက်ကွက်လျှင် သော်လည်းကောင်း လယ်ကြားမြောင်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်ကို ခရိုင် အုပ်ချုပ်ရေးမှူးက ပေးအပ်ခြင်းမပြုဘဲ နေနိုင်သည်။

၂၄။ လယ်ကြားမြောင်း အသုံးပြုခွင့်ရှိသူသည် ရေထွက်ပေါက်ကို ပျက်စီးစေခြင်း သို့မဟုတ် ချဲ့ထွင်ခြင်းပြုလုပ်လျှင် ခရိုင်ဆည်မြောင်း အရာရှိက ယင်းလယ်ကြားမြောင်းအသုံးပြုသူကို လယ်ကြားမြောင်း

ဆည်မြောင်းဥပဒေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဆည်မြောင်းဥပဒေ

(၂၀၁၇ ခုနှစ်)